မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

June 17, 2025 Volume 91, Number 12

၁၇.၆.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၇.၀၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၈.၅၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၇.၉၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၃.၃၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၃၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၀၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၄.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## ကျောက်ဆည်ဘိလပ်မြေစက်ရုံ တစ်ရက် တန် ၅၀၀၀ ထွက်မည်



မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အမှတ်(၃၆) အကြီးစားစက်ရုံ(ကျောက်ဆည်) ကနေ တစ်ရက်ကို ဘိလပ်မြေ တန် ၅၀၀၀ အမြန်ဆုံးထွက်ရှိနိုင်ရေး ဆောင်ရွက်သွားမယ်လို့ စက်မှုဝန်ကြီးဌာနက သိရပါတယ်။

စက်ရုံအနေနဲ့ အခု ဇွန်လ ၁၂ ရက်က မီးသင်းဖိုနဲ့ ဘိလပ်မြေကြိတ်စက်ရုံတွေကို လည်ပတ်ထုတ်လုပ်နိုင်ခဲ့ပြီး တစ်ရက်ကို ဘိလပ်မြေ တန် ၂၀၀၀ စတင်ထွက်ရှိနေပြီဖြစ်ပေမဲ့ သတ်မှတ်စက်စွမ်းအားဖြစ်တဲ့ တစ်ရက်ကို ဘိလပ်မြေ တန် ၅၀၀၀ အမြန်ဆုံးထွက်ရှိနိုင်ရေး ဆောင်ရွက်သွားမယ်လို့ဆိုပါတယ်။ အမှတ်(၃၆)အကြီးစားစက်ရုံ(ကျောက်ဆည်)အနေနဲ့ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ လူနေအဆောက်အဦတွေ၊ လမ်းတံတားတွေ၊ စက်ရုံ၊ အလုပ်ရုံတွေနဲ့ သာသနိကအဆောက်အအုံတွေကို ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့ဘိလပ်မြေတွေ ဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေတာဖြစ်တယ်လို့သိရပါတယ်။ ဒါ့အပြင် အမှတ်(၇) အထည်စက်ရုံ(မြစ်သား)မှာလည်း ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့တဲ့ အဆောက်အဦတွေကိုပြုပြင်နေပြီး ချည်မျှင်တွေ ထုတ်လုပ်နေကာ စက်ရုံအနေနဲ့ အခုဘဏ္ဍာနှစ်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေ ဆောင်ရွက်ဖို့ လျာထားတယ်လို့ သိရပါတယ်။ လျာထားချက်တွေ ပြည့်မီအောင် ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံအမြန်လည်ပတ်နိုင်ရေး ပြန်လည်ဆောင်ရွက်သွားမှာဖြစ်ပြီး စက်ရုံမလည်ပတ်မီ စက်ရုံမှာတပ်ဆင်ထားတဲ့ စက်ပစ္စည်းကိရိယာတွေကို ကျွမ်းကျင်ပညာရှင်တွေနဲ့ စစ်ဆေးပြီးမှသာ စက်ရုံလည်ပတ်တဲ့လုပ်ငန်းတွေကို စတင်ဆောင်ရွက်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

**Source:** https://onenewstvchannel.com/

## CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပဲကြီး၊ ပဲတီစိမ်း၊ ပြောင်းဆန်ဈေးတက်လာပြီး မတ်ပဲနဲ့ပဲစင်းငုံဈေးကျလာ

**ပြောင်းဆန်**




ပြောင်းဆန်ကတော့ အခုတစ်ပတ်မှာလည်း ဈေးထပ်တက်လာပါတယ်။ ပြည်ပကို ပြောင်းဆံတင်ပို့ဖို့အတွက် ပြောင်းလိုအပ်ချက်ရှိနေတဲ့အတွက် ကုန်သည်တွေက ဈေးပေးပြီးဝယ်ယူနေတာကြောင့် ပြောင်းဈေးမြင့်တက်လာတာဖြစ်တယ်လို့သိရပါတယ်။ ဝယ်လိုအားများချိန်မှာ ပြည်တွင်းမှာ ပြောင်းလက်ကျန်နည်းလာတဲ့ အခြေအနေတွေကြောင့်လည်း ဈေးတန်းမြင့်တက်လာတာဖြစ်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပြောင်းဆန်တစ်ပိဿာကို ၁၇၅၀ မှ ၁၇၇၀ ကျပ်ရှိလာပါတယ်။ မန္တလေးမှာ ပြောင်း (ဗမာ) ၈၄,၀၀၀ မှ ၈၅,၀၀၀ ကျပ်၊ ပြောင်း ( ရှမ်း) က ၈၆,၀၀၀ မှ ၈၇,၀၀၀ ကျပ် ၊ ပြောင်း ( CP) က ၈၇,၅၀၀ မှ ၈၈,၀၀၀ ကျပ်ရှိပါတယ်။

**ပဲကြီး**

ပဲကြီးက ယခုတစ်ပတ်မှာလည်း ဈေးထပ်မံမြင့်တက်လာပါတယ်။ ပဲကြီးက ပြည်တွင်းစားသုံးမှုများတဲ့ ပဲတစ်မျိုးဖြစ်တာကြောင့် ပြည်တွင်းစားသုံးမှုနဲ့ဝယ်လိုအား၊ ပစ္စည်းလက်ကျန်အနည်းအများပေါ်လိုက်ပြီး ဈေးအတက်အကျရှိတာဖြစ်တယ်လို့ သိရပါတယ်။ ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲကြီး (ကုန်း) တစ်ပိဿာကို ၄၀၈၅ ကျပ်မှ ၄၄၃၅ ကျပ်ရှိပြီး ပဲကြီး (ရွှေကျွန်း) တစ်ပိဿာကို ၅၁၃၀ မှ ၆၅၅၀ ကျပ် ရှိပါတယ်။

မန္တလေးဈေးကွက်မှာ ပဲကြီး (ကြီး ) က ၅၅.၂၅ ပိဿာကို ၃၂၀၀၀၀ ကျပ်မှ ၃၂၅၀၀၀ ကျပ်၊ပဲကြီး (လတ်) ၃၀၀,၀၀၀ မှ ၃၁၅,၀၀၀ ကျပ်၊ပဲကြီး (သေး)က ၂၆၀,၀၀၀ မှ ၂၇၀,၀၀၀ ကျပ်ဈေးရှိပါတယ်။ တစ်အိတ်ကို ၂၀,၀၀၀ မှ ၄၅,၀၀၀ ကျပ်အထိ မြင့်တက်လာတာပါ။

**ပဲတီစိမ်း**

ပဲတီစိမ်းက ဒီတစ်ပတ်မှာ ပဲတီစိမ်းခရမ်းရွှေဝါနဲ့ ပဲတီစိမ်း ပဲခူးရွှေဝါ၊ ဝါးခယ်မက ဈေးပြန်တက်လာပြီး ပဲတီစိမ်း အညာကတော့ ဈေးငြိမ်နေပါတယ်။ ပဲတီစိမ်းကတော့ ဆက်တိုက်တက်လာပြီး အတက်ဈေးတန်းမှာပဲ ဈေးကျလိုက်ပြန်တက်လိုက်နဲ့ ဈေးကွက်ကစားနေတာတွေ့ရပါတယ်။ ပဲတီစိမ်းက ပြည်တွင်းမှာလက်ကျန်နည်းနေပြီး ဝယ်လိုအားကောင်းနေပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါနဲ့ ပဲတီစိမ်းနဲ့ပဲခူးရွှေဝါက တစ်ပိဿာကို ၇၃၃၀ ကျပ်ရှိပြီး တစ်ပိဿာကို ၁၆၅ ကျပ်တက်လာပါတယ်။

ပဲတီစိမ်း ဝါးခယ်မကလည်း ၆၂၅၀ မှ ၆၂၇၀ ကျပ်ရှိပြီး တစ်ပိဿာကို ၈၅ ကျပ်တက်လာပါတယ်။ ပဲတီစိမ်း အညာကတော့ အရင်တစ်ပတ်ကအတိုင်း တစ်ပိဿာကို ၆၅၀၀ မှ ၆၅၂၀ ကျပ်ရှိပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာလည်း တစ်တန်ကို ၃၀,၀၀၀ လောက်ထပ်ကျလာတာတွေ့ရပါတယ်။ နယ်ဈေးကွက်မှာလည်း မတ်ပဲ ပိဿာ ၂၀ တစ်တင်းကို ၉၄,၅၀၀ ဝန်းကျင်သာရှိပြီး ၁၀၀၀ ကျပ်လောက်ထပ်ကျလာပါတယ်။

မတ်ပဲကို ပြည်ပဝယ်လိုအားနည်းတဲ့အပြင် ဈေးကွက်လည်းအေးနေတာကြောင့် ဈေးကအကျဘက်ရောက်နေတာဖြစ်တယ်လို့သိရပါတယ်။ အိန္ဒိယနိုင်ငံကသာ မတ်ပဲလိုအပ်ချက်များပြီး မြန်မာကနေဝယ်ယူမှုအားကောင်းမှသာ ဈေးကွက်မြင့်တက်လာနိုင်တယ်လို့သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ တနင်္လာကနေသောကြာနေ့အတွင်း မတ်ပဲ FAQ တစ်တန်ကို ၂,၉၄၀,၀၀၀ မှ ၂,၉၈၁,၀၀၀ ကျပ်အတွင်းသာဈေးတန်းရှိခဲ့ပါတယ်။

အရင်အပတ်မှာတော့ တနင်္လာကနေသောကြာနေ့အတွင်း မတ်ပဲ FAQ တစ်တန်ကို ၉၇၅,၀၀၀ မှ ၃,၀၁၀,၀၀၀ ကျပ်အတွင်း ဈေးတန်းရှိခဲ့တာကြောင့် ယခုတစ်ပတ်အတွင်းမှာ တစ်တန်ကို ၃၀,၀၀၀ လောက်ဈေးထပ်ကျပါတယ်။

TIR

**ပဲစင်းငုံ**

ပဲစင်းငုံကလည်း အခုတစ်ပတ်မှာ ထပ်ပြီးဈေးကျရိုပ်ပြတာတွေ့ရပါတယ်။ တစ်တန်ကို ၆၀၀၀ က နေ ၃၀,၀၀၀ လောက် ကျလာတာဖြစ်ပါတယ်။ ပဲစင်းငုံဈေးကျသလို ပြည်တွင်းဈေးကွက်မှာလည်း ပဲဝယ်လိုအားနည်းနေပါတယ်။ ပြည်ပဝယ်လက် အိန္ဒိယက ဝယ်လိုအားနည်းနေတယ်လို့ သိရပါတယ်။ ဒါကြောင့် ပဲစင်းငုံဈေးကွက်ပျက်ပြီး ဆက်တိုက်ကျနေတာဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့ကနေသောကြာနေ့အထိ ဖြစ်ပေါ်ခဲ့တဲ့ဈေးကွက်မှာ ပဲစင်းငုံနီတစ်တန်ကို ကျပ် ၂,၆၈၇,၀၀၀ မှ ၂,၇၆၀,၀၀၀ ကျပ်အတွင်းသာ ဈေးတန်းရှိခဲ့ပါတယ်။

အရင်အပတ်တုန်းက တနင်္လာနေ့ကနေသောကြာနေ့အထိ ဖြစ်ပေါ်ခဲ့တဲ့ဈေးကွက်မှာတော့ ပဲစင်းငုံနီတစ်တန်ကို ၂,၇၁၅,၀၀၀ မှ ၂,၇၆၆,၀၀၀ ကျပ်အတွင်းသာ ဈေးတန်းရှိခဲ့တာကြောင့် ယခုတစ်ပတ်မှာ တစ်တန်ကို ၆၀၀၀ ကနေ ၂၀,၀၀၀ လောက်အထိ ဈေးကျပါတယ်။

**Source : https://htwettoe.com/post/52857**

## ညော့်မထဆန်(ဟောင်း)ဈေးတက်၍ ညော့်မထဆန်(သစ်)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးများကျကာ ပေါ်ဆန်းမွှေးဆန်နှင့်ဆန်ကွဲ B(1,2)ဈေးများ တည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက် ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၆.၆.၂၀၂၅) ရက်နေ့တွင် ညော့်မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၇၅,၀၀၀ ကျပ်၊ ညော့်မထဆန်(မနော်သုခ) (သစ်)တစ်အိတ် ၆၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၄၅,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၃,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄,၀၀၀ကျပ်တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါသည်။ (၁၃.၆.၂၀၂၅)ရက်နေ့တွင် ညော့်မထဆန်(မနော်သုခ)(ဟောင်း)တစ်အိတ် ၈၀,၀၀၀ ကျပ်၊ ညော့်မထ ဆန် (မနော်သုခ) (သစ်)တစ်အိတ် ၅၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၂၀,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၄၅,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၃,၇၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ် ကာလတူနှိုင်းယှဉ်ချက်အရ ညော့်မထဆန်(မနော်သုခ)(ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ် ဈေးတက်၍ ညော့်မထဆန်(မနော်သုခ) (သစ်)တစ်အိတ် ၅၀၀၀ ကျပ်၊ ဆန်ကွဲ B(2,3,4) တစ်အိတ် ၃၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၃၀၀ ကျပ် ဈေးများကျကာ ပေါ်ဆန်းမွှေးဆန်နှင့် ဆန်ကွဲ B(1,2) ဈေးများတည်ငြိမ်လျက်ရှိပါသည်။ ညော့်မထဆန်(မနော်သုခ) (ဟောင်း) ဈေးမြင့်တက်သွားခြင်းမှာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်သွားခြင်းဖြစ်ပြီး ညော့်မထဆန် (မနော်သုခ) (သစ်)၊ ဆန်ကွဲ B(2,3,4)နှင့် ဖွဲနုဈေးများ ကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေး ကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဉက္ကဋ္ဌထံမှ သိရှိရပါသည်။

**Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**
**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

## ဗီယက်နမ်နိုင်ငံသည် မေလအတွင်း ကုန်စည်အုပ်စု(၇)ခုမှ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံများစွာရရှိ

၂၀၂၅ ခုနှစ် မေလအတွင်း ဗီယက်နမ်နိုင်ငံ၏ ပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၆ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်ခွန်ဦးစီးဌာန၏ နောက်ဆုံးသတင်းအချက်အလက်များအရ သိရှိရပါသည်။

မေလ တစ်လတည်းတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဘီလီယံအထက်ရှိသော ပို့ကုန်အုပ်စု(၇)ခုရှိကြောင်း၊ ၎င်းတို့အနက် ကွန်ပျူတာ၊ အီလက်ထရွန်နစ်ထုတ်ကုန်များနှင့် အစိတ်အပိုင်းများတင်ပို့မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၁ ဘီလီယံထိရှိပြီး အမြင့်ဆုံးဖြစ်ကြောင်း သိရှိရပါသည်။

စက်ယန္တရားများ၊ စက်ကိရိယာများ၊ ကိရိယာများ၊ အပိုပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဘီလီယံခန့်၊ ဖုန်းအမျိုးမျိုးနှင့် အစိတ်အပိုင်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ၊ အထည်အလိပ်နှင့် အဝတ်အထည်များ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၉ ဘီလီယံ၊ ဖိနပ်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၅ ဘီလီယံ၊ သစ်နှင့် သစ်အချောထည် ပစ္စည်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ ဘီလီယံ၊ သယ်ယူပို့ဆောင်ရေးနှင့် အပိုပစ္စည်းများ

တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၁ အသီးသီးရရှိခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ် ၅ လအတွင်း ဗီယက်နမ်နိုင်ငံ၏စုစုပေါင်းပို့ကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၈၀ ဘီလီယံအထိရှိလာခဲ့ပြီး ယခင်နှစ် အလားတူကာလထက် ၁၄ ရာခိုင်နှုန်းမြင့်တက်လာကာ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံခန့်တိုးမြင့်လာသည်ဟု ဖော်ပြထားပါသည်။

၂၀၂၅ ခုနှစ် မေလကုန်အထိ ကုန်ပစ္စည်းအုပ်စု ၄ ခုမှ အမေရိကန်ဒေါ်လာ ဆယ်ဂဏန်းကျော်တင်ပို့နိုင်ခဲ့ပြီး၊ ကွန်ပျူတာများ၊ အီလက်ထရွန်းနစ်ပစ္စည်းများနှင့် အစိတ်အပိုင်းများတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၄ ဘီလီယံ၊ ဖုန်းအမျိုးမျိုးနှင့် အစိတ်အပိုင်းများတင်ပို့မှု အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ ဘီလီယံ၊ စက်ယန္တရားများများ၊ စက်ပစ္စည်းများနှင့် အပိုပစ္စည်းများ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ၊ အထည်အလိပ်နှင့် အဝတ်အထည်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအသီးသီးရှိကြောင်း ဖော်ပြထားပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိကကုန်စည်အများအပြားမှာ သိသိသာသာတိုးတက်မှုရှိပြီး ကော်ဖီတင်ပို့မှုမှ ၆၂ ဒသမ ၃ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိကြောင်း၊ ပင်လယ်စာတင်ပို့မှုမှ ၁၇ ဒသမ ၈ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန်ဒေါ်လာ ၄ ဒသမ ၂ ဘီလီယံတိုးလာကြောင်း၊ သီဟိုဠ်စေ့တင်ပို့မှုမှ ၁၉ဒသမ ၄ ရာခိုင်နှုန်းတိုးလာပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၈ ဘီလီယံရှိကြောင်း၊ ပီလောပီနံနှင့်ပီလောပီနံထွက်ကုန်များတင်ပို့မှုမှ ၇ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန်ဒေါ်လာ ၆၀၁ သန်းရှိကြောင်း ရေးသားဖော်ပြထားပါသည်။

**Source: https://asemconnectvietnam.gov.vn**

**(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန်နွိုင်းမြို့)**

## အိန္ဒိယဘာစမာတီဆန်တင်ပို့သူများ ပို့ကုန်ပမာဏမြင့်တက်လာမှုကြောင့် ဝင်ငွေဆက်လက်ထိန်းထားနိုင်

ဘာစမာတီဆန်တင်ပို့ရောင်းချသူများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလမှစတင်သော လက်ရှိနှစ်၏ ဈေးကွက်ရှာဖွေရေး ကာလတွင် အရောင်းအဝယ်စာချုပ်ဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့ခြင်းနှင့် အနည်းဆုံးတင်ပို့မှုဈေးနှုန်း(MEP)မရှိသည့် အခြေအနေတို့ကြားမှ ပို့ကုန်ပမာဏမြင့်တက်လာမှုကြောင့် ၎င်းတို့၏ဝင်ငွေကို ဆက်လက်ထိန်းထားနိုင်ခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုရင်းမြစ်များ၏ဖော်ပြချက်အရ မေလ၏ပျမ်းမျှ ဘာစမာတီဆန်တင်ပို့မှုဈေးနှုန်းသည် ယခင်နှစ်က ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၁,၀၈၀ ရှိခဲ့ရာမှ ၂၃ ရာခိုင်နှုန်းကျော်ကျဆင်း၍ ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၈၃၁ သို့ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။

ရာသီအစဖြစ်သော ၂၀၂၄ ခုနှစ် အောက်တိုဘာလက ဘာစမာတီဆန်ဈေးနှုန်းသည် ယခင်နှစ်က ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၁,၂၂၆ ရှိခဲ့ရာမှ ၂၀ ရာခိုင်နှုန်းကျဆင်း၍ ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၉၇၇ သို့ရောက်ရှိခဲ့သော်လည်း ပြီးခဲ့သည့် ၈ လအတွင်း ဈေးနှုန်းများ ၁၅ ရာခိုင်နှုန်းထပ်မံကျဆင်းခဲ့ကြောင်း သိရသည်။

၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်တွင် ဘာစမာတီဆန်၏ နှစ်စဉ်ပျမ်းမျှတင်ပို့မှုဈေးနှုန်းသည် ၅၃ ရာခိုင်နှုန်းကျော်မြင့်တက်လာပြီး ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉၀၇ အထိ ရောက်ရှိခဲ့ကြောင်း သိရသည်။ နောက်တစ်နှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ ၁,၀၀၀ ကျော်လွန်ခဲ့ကြောင်း တွေ့ရှိရသည်။ “အဲဒီနောက်ပိုင်းမှာတော့ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်မှာ ပျမ်းမျှ ဈေးနှုန်းက ၁ တန်လျှင် အမေရိကန် ဒေါ်လာ ၁,၂၂၀ ကျော်ခဲ့တာကလွဲလို့ ဈေးနှုန်းအတက်အကျသိပ်မရှိခဲ့ပါဘူး” ဟု ဝါရင့် တင်ပို့သူတစ်ဦးက ပြောကြားခဲ့သည်။

ကုန်သွယ်ရေးမူဝါဒကျွမ်းကျင်သူ S Chandrasekaran က ဒုတိယမျိုးဆက် ဘာစမာတီဆန်ပြုပြင်ပြောင်းလဲမှုများအပေါ် ပိုမိုနက်ရှိုင်းစွာဆန်းစစ်သုံးသပ်ရန်လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ “အရည်အသွေးနဲ့စစ်မှန်မှုကိုထိန်းသိမ်းရင်း ကမ္ဘာ့ဈေးကွက်ချဲ့ထွင်မှုကနေ ဘယ်လိုအရှိန်မြှင့်တင်မလဲ၊ ဘယ်လိုဦးတည်မလဲ၊ ဘယ်လိုအကျိုးအမြတ်ရယူမလဲဆိုတာကို ကျွန်တော်တို့ အလေးအနက်ထားဆွေးနွေးရပါမယ်” ဟု ၎င်းက ပြောကြားခဲ့သည်။ လက်ရှိနှစ်ပေါင်း ၂၅ နှစ်သက်တမ်းရှိပြီ ဖြစ်သော ဘာစမာတီဆန်တင်ပို့မှုစံနှုန်းများကို ပြန်လည်သုံးသပ်ရန်လိုအပ်နိုင်ကြောင်း ၎င်းကပြောကြားခဲ့သည်။

GRM Overseas ကုမ္ပဏီ၏ COO ဖြစ်သူ Dinesh Chhatra ၏အဆိုအရ ပြီးခဲ့သည့်နှစ်က ရုရှား-ယူကရိန်းပဋိပက္ခကြောင့် မြင့်တက်ခဲ့သော ဝယ်လိုအားသည် ရနံ့မွှေးကြိုင်သော ဘာစမာတီဆန်၏ဈေးနှုန်းများကို သိသိသာသာမြင့်တင်ပေးခဲ့ကြောင်း သိရသည်။ ၎င်းက ဘာစမာတီဆန်တင်ပို့မှုအချို့သည် ပျမ်းမျှဈေးနှုန်းထက် ပိုမိုမြင့်မားစွာရောင်းချခဲ့ရကြောင်း ပြောကြားခဲ့သည်။ အိန္ဒိယအစိုးရသည် တင်ပို့သူများ၏တောင်းဆိုမှုကြောင့် ပြီးခဲ့သည့်နှစ်စက်တင်ဘာလက ဘာစမာတီဆန်အပေါ် ၁ တန်လျှင် အမေရိကန်ဒေါ်လာ ၉၅၀ သတ်မှတ်ထားသည့် အနည်းဆုံးတင်ပို့မှုဈေးနှုန်း(MEP)ကို ဖယ်ရှားခဲ့ကြောင်း သိရသည်။

တရားဝင်အချက်အလက်များအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဧပြီလအထိ ကာလအတွင်း အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန် တင်ပို့မှုပမာဏသည် ယခင်နှစ်က တန်ချိန်သန်း ၃ ဒသမ ၄၃ သန်းမှ ၁၆ ရာခိုင်နှုန်းမြင့်တက်လာပြီး တန်ချိန်သန်း ၃ ဒသမ ၉၉ သန်းသို့ရောက်ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ဘာစမာတီဆန်သည် လွန်ခဲ့သည့်ဆယ်စုနှစ်များစွာကတည်းက အိန္ဒိယနိုင်ငံ၏ထိပ်တန်း စိုက်ပျိုးရေးပို့ကုန်သုံးမျိုးတွင် ပါဝင်နေဆဲဖြစ်ကြောင်း သိရသည်။

**Source: The Hindu Businessline, Basmati export prices at 17-year low, higher volumes cushion the blow, June 11, 2025.**

**(ကောင်းထွဋ်နေအောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှု အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိ စံချိန်တင်မြင့်တက်

အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုသည် ဇီရာ၊ နနွင်း၊ ဟင်းခတ်အမွှေး အကြိုင်ဆီ/အဆီအနှစ်များ (oleoresins)နှင့် ငရုတ်ကောင်းစသည့် ထွက်ကုန်များအတွက် ပြည်ပဝယ်လိုအားမြင့်တက်လာမှုကြောင့် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၂ ဘီလီယံအထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၆ ဘီလီယံထက် ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း The Hindu Bsinessline သတင်းဌာနက ယခုလ ၁၀ ရက်တွင် ဖော်ပြသည်။

ယင်းသို့ ၂၀၂၅ ဘဏ္ဍာနှစ်တွင် စံချိန်တင်တင်ပို့နိုင်ခဲ့သော်လည်း ငရုတ်သီးသည် ဈေးနှုန်းကျဆင်းမှုကြောင့် တင်ပို့မှုတန်ဖိုး ကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ ငရုတ်သီးသည် အိန္ဒိယနိုင်ငံ၏ ဟင်းခတ်အမွှေးအကြိုင်ထုတ်ကုန်များအနက် ပမာဏနှင့် တန်ဖိုးနှစ်ခုစလုံးတွင် အကြီးဆုံးထုတ်ကုန်အဖြစ်ဆက်လက်တည်ရှိနေပြီး စုစုပေါင်းဟင်းခတ်အမွှေးအကြိုင်တင်ပို့မှု၏ လေးပုံတစ်ပုံကျော်ကို ကိုယ်စားပြုကြောင်း သိရသည်။

၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ ငရုတ်သီးတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၄ ဘီလီယံရှိပြီး ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၀ ဘီလီယံရှိခဲ့ရာမှ ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည်။ ဈေးနှုန်းကျဆင်းမှုသည် ငရုတ်သီးတင်ပို့မှုကိုထိခိုက်ခဲ့သော်လည်း ပမာဏအားဖြင့် တန်ချိန် ၇ ဒသမ ၁၅ သိန်း(ယခင်နှစ်က တန်ချိန် ၆ ဒသမ ၀၁ သိန်း) အထိ ၁၉ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့ကြောင်း သိရသည်။

ဟင်းခတ်အမွှေးအကြိုင်ထုတ်ကုန်များအနက် ဒုတိယအကြီးဆုံးဖြစ်သောဇီရာ (cumin)တင်ပို့မှုသည် တန်ဖိုးအားဖြင့် ၅ ရာခိုင်နှုန်းမြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၇၃၂ ဒသမ ၃၅ သန်း ၊ ယခင်နှစ်က အမေရိကန်ဒေါ်လာ ၇၀၀ ဒသမ ၃၇ သန်း) ရှိခဲ့ကြောင်းတွေ့ရှိရသည်။ ပမာဏအားဖြင့် ဇီရာတင်ပို့မှုသည် ၃၉ ရာခိုင်နှုန်းကျော်တိုးတက်လာပြီး တန်ချိန် ၂ ဒသမ၂၉ သိန်း(ယခင်နှစ်က တန်ချိန် ၁ ဒသမ ၆၅ သိန်း)ရှိခဲ့ကြောင်း သိရသည်။ “၂၀၂၄-၂၅ ဘဏ္ဍာနှစ်မှာ ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှု စံချိန်တင်ခဲ့ပါတယ်။ လက်ရှိဘဏ္ဍာနှစ်အတွက်ဆိုရင် တစ်ခြားနိုင်ငံတွေမှာ ထုတ်လုပ်မှုလျော့ချတာတွေရှိလာတဲ့အတွက် ဟင်းခတ်အမွှေးအကြိုင်သီးနှံတင်ပို့မှုအားလုံးနီးပါးအတွက် မျှော်လင့်ချက်ကောင်းတွေ တွေ့နေရပါတယ်” ဟု All India Spices Exporters Forum ၏ဥက္ကဋ္ဌ Emmanuel Nambusseril က ပြောကြားခဲ့သည်။

ဟင်းခတ်အမွှေးအကြိုင်များ ထုတ်လုပ်၊တင်ပို့၊ သုံးစွဲမှုတွင် အကြီးဆုံးနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် လာမည့်ငါးနှစ်အတွင်း ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုကို နှစ်ဆတိုးမြှင့်ရန်ရည်မှန်းထားကာ ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံနှင့် ၂၀၄၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိတင်ပို့ရန် ပန်းတိုင်ရည်မှန်းချက်ထားနေကြောင်း သိရသည်။ ဟင်းခတ်အမွှေးအကြိုင်ဆီ/အဆီအနှစ်များတင်ပို့မှုသည် ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း တန်ဖိုးအားဖြင့် ၈ ရာခိုင်နှုန်းတိုးတက်လာပြီး

အမေရိကန်ဒေါ်လာ ၅၃၅ ဒသမ ၉၂ သန်း(ယခင်နှစ်က အမေရိကန် ဒေါ်လာ ၄၉၇ ဒသမ ၉၈ သန်း)ရှိခဲ့ကြောင်း တွေ့ရှိရသည်။ ပမာဏအားဖြင့် ၁၂ ရာခိုင်နှုန်းတိုးတက်လာပြီး တန်ချိန်သိန်း ၄ ဒသမ ၅၃ သိန်း(ယခင်နှစ်က တန်ချိန် ၄ ဒသမ ၁၂ သိန်း) ရှိခဲ့ကြောင်း သိရသည်။

နနွင်းတင်ပို့မှုသည် ပမာဏမြင့်တက်မှုကြောင့် တန်ဖိုး ၅၁ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန် ဒေါ်လာ ၃၄၁ သန်း (ယခင်နှစ်က အမေရိကန်ဒေါ်လာ ၂၂၆ သန်း)ရှိခဲ့ကာ တင်ပို့မှုပမာဏသည်လည်း ၉ ရာခိုင်နှုန်းတိုးတက်လာပြီး တန်ချိန် ၁ ဒသမ ၇၆ သိန်း(ယခင်နှစ်က တန်ချိန် ၁ ဒသမ ၆၂ သိန်း)ရှိခဲ့ကြောင်း တွေ့ရှိရသည်။

အခြားအဓိကဟင်းခတ်အမွှေးအကြိုင်အမျိုးအစားတစ်ခုဖြစ်သော ပူဒီနာထွက်ကုန်များတင်ပို့မှုသည် တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁၇ ဒသမ ၈ သန်း(ယခင်နှစ်က အမေရိကန်ဒေါ်လာ ၄၁၅ ဒသမ ၄၀ သန်း)ဖြင့် အနည်းငယ်တိုးတက်ခဲ့ကြောင်း တွေ့ရှိရသည်။ ပမာဏအားဖြင့် ၂၇,၂၈၂ တန်(ယခင်နှစ်က ၂၇,၆၅၈ တန်)ဖြင့် အနည်း ငယ်ကျဆင်းခဲ့ကြောင်း သိရသည်။

ဟင်းချက်မှုန့်(Curry powder)နှင့်အနှစ်များတင်ပို့မှုသည် ယခင်နှစ်က အမေရိကန် ဒေါ်လာ ၂၁၂ သန်းမှ ၁၇ ရာခိုင်နှုန်း တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၂၄၇ ဒသမ ၅၉ သန်းရှိခဲ့ကြောင်း တွေ့ရှိရသည်။ ၎င်း၏တင်ပို့မှုပမာဏသည်လည်း ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ၇၇,၁၅၁ တန်(ယခင်နှစ်က ၇၂,၄၂၀ တန်)ဖြင့် ၇ ရာခိုင်နှုန်းခန့်တိုးတက်ခဲ့ကြောင်း သိရသည်။

ငရုတ်ကောင်းတင်ပို့မှုသည် တန်ဖိုးအားဖြင့် ၄၀ ရာခိုင်နှုန်းတိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၁၂၄ ဒသမ ၅၄ သန်း (ယခင်နှစ်က အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၉၁ သန်း)ရှိခဲ့ကာ ပမာဏအားဖြင့် ၁၆ ရာခိုင်နှုန်းတိုးတက်လာပြီး ၂၀,၈၃၀ တန်(ယခင်နှစ်က ၁၇,၈၉၀ တန်)ရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဖာလာ(အသေး)တင်ပို့မှုသည်လည်း ယခင်နှစ်က အမေရိကန်ဒေါ်လာ ၁၂၀ ဒသမ ၅၂ သန်းမှ ၅၃ ရာခိုင်နှုန်း သိသိသာသာ တိုးတက်လာပြီး အမေရိကန်ဒေါ်လာ ၁၈၄ ဒသမ ၆၅ သန်းရှိခဲ့ကြောင်း တွေ့ရှိရသည်။ ပမာဏအားဖြင့် တင်ပို့မှုသည် ၆,၇၂၇ တန် (ယခင်နှစ်က ၆,၁၆၈ တန်)ဖြင့် ၉ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရသည်။

**Source: The Hindu Businessline, India's spice exports hit a new high of $4.72 billion in FY25 on strong demand, June 10, 2025.**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (17.6.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Jun. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,102 (Shares) | 20,375,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 6,600 | +0 | +0.00% | 6,600 | 6,600 | 6,600 | 1,750 | 11,550,000 | 33,109,694 | 218,524 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 930 | 2,743,500 | 38,929,150 | 114,841 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 200 | 1,460,000 | 10,400,986 | 75,927 |
| FPB | 00004 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,800 | 184 | 334,400 | 29,664,613 | 54,880 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 250 | 700,000 | 12,823,224 | 35,905 |
| EFR | 00006 | 1,600 | -50 | -3.03% | 1,600 | 1,600 | 1,550 | 1,412 | 2,236,750 | 19,977,223 | 31,964 |
| AMATA | 00007 | 4,100 | +100 | +2.50% | 3,900 | 4,100 | 3,900 | 235 | 920,700 | 10,497,598 | 43,040 |
| MAEX | 00008 | 3,050 | -50 | -1.61% | 3,050 | 3,050 | 3,050 | 141 | 430,050 | 23,804,946 | 72,605 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 17th Jun. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 343.38 | -0.61 | -0.18% | 342.27 | 343.38 | 342.27 | 5,102 | 20,375,400 | 8 | 647,686 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Jun. 2025

| Trading Volume | Trading Value |
|---|---|
| 5,102 (Shares) | 20,375,400 (MMK) |

## Main Board

As of 1:00 pm, 17th Jun. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,102 (Shares) | 20,375,400 (MMK) |

| MYANPIX | 343.38 ▼ 0.61 |
|---|---|
| Total Volume (shares) | 5,102 |
| Total Value (MMK) | 20 mil |
| Listed Company | 8 |
| Market Cap. (MMK) | 647,686 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 6,600 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,850 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,600 | ▼ 50 |
| AMATA | 00007 | 4,100 | ▲ 100 |
| MAEX | 00008 | 3,050 | ▼ 50 |